**Karenni Civil Society Network**

P.O. Box - 100, Mae Hong Son, 58000, Thailand
Phone: 06 5329 7814, E-mail:kcsn2010@gmail.com


မတ်လ ၁၆ ရက်၊ ၂၀၂၂ ခုနှစ်

## ကရင်နီလူမှုအသင်းအဖွဲ့များကွန်ရက်၏ နှစ်ပတ်တကြိမ် အခြေအနေ တင်ပြချက် ဖေဖော်ဝါရီလ ၂၈ ရက်မှ မတ်လ ၁၃ ရက် ၂၀၂၂ ခုနှစ်

## ကရင်နီပြည်နယ်နှင့် ဖယ်ခုံမြို့နယ် အတွင်း စစ်ကောင်စီ၏ ချိုးဖောက်မှုများ အကျဉ်း

| စဉ် | | ဖေဖော်ဝါရီ ၁ ဖေဖော်ဝါရီလ ၂၇ရက် | ဖေဖော်ဝါရီလ ၂၈ – မတ်လ ၁၃ | စုစုပေါင်း |
|---|---|---|---|---|
| ၁ | အရပ်သားများ သတ်ဖြတ်ခံရခြင်း | ၂၂၃ | ၁၂ | ၂၃၅ |
| ၂ | အရပ်သားများ ဖမ်းဆီးခံရခြင်း | ၂၈၃ | | ၂၈၃ |
| ၃ | အရပ်သားများ ထိခိုက်ဒဏ်ရာရခြင်း | ၁၇၅ | ၂ | ၁၇၇ |
| ၄ | **အဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုများ** | | | |
| | လွိုင်ကော်မြို့နယ် | ၈၂ | | ၈၂ |
| | ဒီးမော့ဆိုမြို့နယ် | ၃၂၃ | ၄၈ | ၃၇၁ |
| | ဖယ်ခုံမြို့နယ် | ၁၁၉ | | ၁၁၉ |
| | ဖရူဆိုမြို့နယ် | ၃ | ၄ | ၇ |
| ၅ | **ထုတ်ပယ်ခြင်းခံရသော CDM ပညာရေးဝန်ထမ်းများ** | | | |
| | ဖရူဆိုမြို့နယ် | ၅၂၆ | | ၅၂၆ |
| | ဒီးမော့ဆိုမြို့နယ် | ၁၁၂၃ | | ၁၁၂၃ |
| | မယ်စဲ့မြို့နယ် | ၇၈ | | ၇၈ |
| | ဖါးဆောင်းမြို့နယ် | ၁၅၂ | | ၁၅၂ |
| | ရှားတောမြို့နယ် | ၅၄ | | ၅၄ |
| | ဖယ်ခုံမြို့နယ် | ၆၄၈ | | ၆၄၈ |
| | ဘောလခဲမြို့နယ် | ၄၂ | | ၄၂ |
| | **စုစုပေါင်းထုတ်ပယ်ခြင်း** | ၂၆၂၃ | | **၂၆၂၃** |

| ထွက်ပြေးတိမ်းရှောင်မှုများအကျဉ်း | | | | |
|---|---|---|---|---|
| **စဉ်** | **မြို့နယ်** | **ခန့်မှန်းဦးရေ ဖေဖော်ဝါရီလ ၂၇ ရက်နေ့ အထိ** | **IDPs အသစ် ဖေဖော်ဝါရီလ ၂၈ – မတ်လ ၁၃ ရက်နေ့** | **စုစုပေါင်း ထွက်ပြေးတိမ်းရှောင်မှုများ** |
| ၁ | လွိုင်ကော် | ၅၂၃၁၁ | | ၅၂၃၁၁ |
| ၂ | ဒီးမော့ဆို | ၆၈၂၆၅ | ၁၀၀၀၀ | ၇၈၂၆၅ |
| ၃ | ဖရူဆို | ၄၄၀၃ | | ၄၄၀၃ |
| ၄ | ဖါးဆောင်း | ၄၀၀၀ | | ၄၀၀၀ |
| ၅ | ဖယ်ခုံ | ၄၁၀၀၀ | ၁၀၀၀၀ | ၅၁၀၀၀ |
| ၆ | ရှားတော | ၂၃၉၅ | | ၂၃၉၅ |
| ၇ | မယ်စဲ့ | ၁၀၀၀ | | ၁၀၀၀ |
| ၈ | ဘောလခဲ | ၃၇၄၁ | | ၃၇၄၁ |
| | **စုစုပေါင်း** | **၁၇၇၁၁၅** | **၂၀၀၀၀** | **၁၉၇၁၁၅** |


စကစ စစ်ဆင်ရေးများနှင့် ချိုးဖေါက်မှုများပြုလုပ်သည့်နေရာ၊ ဖေဖော်ဝါရီလ(၂၈)ရက်မှ မတ်လ(၁၃)ရက်၊ ၂၀၂၂ခုနှစ်
N
W
E
S
ဖယ်ခုံ
မိုးဗြဲ
လွိုင်ကော်
ဒီးမော့ဆို
ဖရူဆို
ဘောလခဲ
ရှာသစ်
ဖါးဆောင်း
မော်ချီး
မယ်စဲ့
ရှားတော
ရှမ်းပြည်နယ်
ရှမ်းပြည်နယ်
ကရင်ပြည်နယ်
ထိုင်းနိုင်ငံ
နမ့်ပွန်ချောင်း
သံလွင်
သံလွင်
# ၁
# ၂
အညွှန်း
အိမ်မီးရှို့ခြင်း
လေကြောင်းဗုံးကြဲတိုက်ခိုက်ခြင်း
စကစ နယ်မြေရှင်းလင်းရေးစစ်ဆင်ရေးနေရာ
စစ်ဘေးရှောင်နေရာများ
တည်ဆောက်ပြီး ရေကာတာများ
တည်ဆောက်ရန်လျာထားသည့် ရေကာတာများ
သတ္တုသန့်စင်စက်ရုံနေရာ
ကရင်နီဒုက္ခသည် စခန်း (၁),(၂)
လက်နက်ကြီးဖြင့် ပစ်ခတ်မှု
KNPP/KNDF နှင့် စကစ တိုက်ပွဲနေရာများ
နယ်ခြားစောင့်တပ်နှင့် ပြည်သူ့စစ် ရှေ့တန်းတပ်စခန်းများ
မြန်မာ စစ်တပ်ရှေ့တန်းတပ်စခန်းများ
မြန်မာစစ်တပ်အခြေပြုနေရာများနှင့် စစ်ဆင်ရေးဌါနချုပ်
အမှတ်(၁၄)စစ်တပ် လေ့ကျင့်ရေးကျောင်း
နယ်ခြားစောင့်တပ်နှင့် ပြည်သူ့စစ်ဌါနချုပ်
မြို့နယ်
လမ်း
မြစ်၊ ချောင်း
KA/KNDF မှ ပိတ်ထားသောလမ်း
0 4.5 9 18 27 36 ကီလိုမီတာ

- **အရှိန်မြင့်လာသော စစ်ကောင်စီ၏ လေယာဉ်ဖြင့်ဗုံးကြဲခြင်းနှင့် ပစ်ခတ်ခြင်းများ၊ အတွဲလိုက်ဒုံးဖြင့် ပစ်ခတ်ခြင်းများကြောင့် အရပ်သားထိခိုက်ဒဏ်ရာရရှိမှုများ ပိုမိုများပြားလာခြင်း**

ပြီးခဲ့သည့် နှစ်ပတ်အတွင်း စစ်ကောင်စီတပ်များသည် ကြီးမားသော စစ်ဆင်ရေးများ လုပ်ဆောင်လာနေပြီး ဒီးမော့ဆိုမြို့အား ပြန်လည်သိမ်းပိုက်နိုင်ရန်အတွက် မြေပြင်မှ အင်အားရာနှင့်ချီသည့်အပြင် သံချပ်ကာကားများ၊ လက်နက်ကြီးဖြင့် ပစ်ခတ်ခြင်းများ၊ လေယာဉ်ဖြင့် ဗုံးကြဲတိုက်ခိုက်ခြင်းများ ပြုလုပ်လာခဲ့သည်။ ဒီးမော့ဆိုမြို့သည် ဖယ်ခုံ၊ လွိုင်ကော်၊ တောင်ငူတို့နှင့် ဆက်သွယ်ရေးလမ်းကြောင်းအရ ဗျူဟာ လမ်းဆုံဖြစ်သည်။ ရက်စက်ကြမ်းကြုတ်သော စစ်ကောင်စီ၏ တိုက်ခိုက်ခြင်းများ အတွဲလိုက်ဒုံးများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းများကြောင့် ကရင်နီပူးပေါင်းတပ်များသည် မတ်လ ၁၃ ရက်နေ့တွင် ဒီးမော့ဆိုမြို့ ဒေါင်ခါးရပ်ကွက်အား ယာယီဆုတ်ခွါပေးလိုက်ရသည်။

မတ်လ (၁)ရက်နေ့၊ ဒီးမော့ဆိုမြို့နယ် အိုကေကျေးရွာအုပ်စု ကျွန်းတောကျေးရွာတွင် စစ်အင်အား ၁၀၀ အပြင် တင့်ကား ၂စီးဖြင့် ထိုးစစ်ဆင်လာသော စစ်ကောင်စီတပ်များနှင့် ပြည်သူ့ကာကွယ်ရေးတပ်များ၊ ကရင်နီအမျိုးသားများကာကွယ်ရေးတပ်၊ KAတို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး တိုက်ပွဲအတွင်း စစ်ကောင်စီတပ်မှ ၂၄ ဦးသေဆုံးပြီး ၎င်းတို့၏ တင့်ကား (၁)စီးလည်း ပျက်စွားသွားခဲ့သည်။

မတ်လ (၂)ရက်နေ့တွင် ဒီးမော့ဆိုမြို့နယ်၊ ဆင်တောင်ကျေးရွာ၌ KNDF (ဖယ်ခုံဇုံ)မှ နယ်မြေရှင်းလင်းရေး လုပ်နေစဉ် မီးလောင်နေသည့် အိမ်(၂)လုံးနှင့် မီးရှို့ခံရသည့် အလောင်း (၃)လောင်းကို တွေ့ရှိခဲ့ပါသည်။

မတ်လ (၃)ရက်နေ့တွင် ဒီးမော့မြို့၊ သေးဆူလဲနှင့် ပူဖားကျေးရွာအထိ စစ်ကောင်စီမှ တင့်ကား၊ အမြောက်တို့ဖြင့် စစ်ကြောင်း(၃)ကြောင်းဖြင့် အင်အားအလုံးအရင်းနှင့် ထိုးစစ်ဆင်လာခဲ့ရာ ပြည်သူ့ကာကွယ်ရေး တပ်များနှင့် တိုက်ပွဲဖြစ်ပွားခဲ့ပါသည်။ တိုက်ပွဲအတွင်း စစ်ကောင်စီတပ်မှ လက်နက်ကြီးများ ရမ်းသမ်းပစ်ခတ်မှုကြောင့် သေးဆူလဲကျေးရွာနှင့် ပူဖားကျေးရွာရှိ နေအိမ် (၁၇)လုံး ပျက်စီးသွားခဲ့ရသည်။

မတ်လ (၄)ရက်နေ့တွင် ကရင်နီပြည်နယ်၊ ဖရူဆိုမြို့နှင့် ဘောလခဲမြို့အကြား နန်းဖဲကျေးရွာအုပ်စု၊ သာယာကုန်းရွာတွင် စစ်ကောင်စီတပ်နှင့် KA, KNDF ပူးပေါင်းတပ်တို့ (၅) နာရီခန့်ကြာအောင် တိုက်ပွဲဖြစ်ပွားခဲ့ရာ တိုက်ပွဲအတွင်း စစ်ကောင်စီဘက်မှ အနည်းဆုံး (၅)ဦးသေဆုံးသည်။ တိုက်ပွဲအပြီး စစ်ကောင်စီမှ တပ်ပြန်ဆုပ်ရာတွင် ကွက်သစ်ကျေးရွာမှ နေအိမ် (၃)လုံးနှင့် သာယာကုန်းရွာမှ နေအိမ် (၁)လုံးကို မီးရှို့သွားခဲ့သည်။ သာယာကုန်းရွာမှ ပြည်သူ (၂)ဦးကိုလည်း မီးရှို့သတ်ဖြတ်သွားခဲ့သည်။

မတ်လ (၅)ရက်နေ့တွင် ဒီးမော့ဆိုမြို့၊ သေးဆူလဲရွာနှင့် ဒေါနော်ကူးရွာအကြားတွင် စစ်ကြောင်း နှစ်ကြောင်းနှင့် ထိုးစစ်ဆင်လာသည့် စစ်ကောင်စီတပ်နှင့် ကရင်နီပူးပေါင်းတပ်တို့ တိုက်ပွဲဖြစ်ပွားခဲ့ရာ စစ်ကောင်စီတပ်ဘက်မှ (၃၅)ဦးထက်မနည်း ကျဆုံးကြောင်း DMO-PDFမှ ထုတ်ပြန်ထားပါသည်။




*စကစမှ သေးဆူလဲကျေးရွာအား မီးရှို့ဖျက်စီးသည့်ပုံ*

မတ်လ (၆)ရက်နေ့ ၌ ဒီမောဆိုမြို့နယ်၊ ကျောက်ဆည်ကန်အနီးတွင် KA, KNDF, DMO–PDF, Loikaw PDF, Pehko PDF, KGZ စသည့် ပူးပေါင်းတပ်တို့နှင့် စစ်ကောင်စီတပ်တို့ တိုက်ပွဲဖြစ်ပွားခဲရာ စစ်ကောင်စီဘက်မှ (၄၀)ကျော် သေဆုံးပြီး စစ်ကောင်စီတပ်သားနှစ်ဦးကိုလည်း အရှင် ဖမ်းမိသည်။ စစ်ကောင်စီမှ အကျအဆုံးများသည့်အတွက် မွန်းလွဲ (၂)နာရီဝန်းကျင်ခန့်တွင် တိုက်လေယာဉ် (၂) စင်းဖြင့် လေကြောင်း တိုက်ခိုက်မှု ပြုလုပ်ခဲ့ပါသည်။ ထိုတရက်တည်းတွင် စစ်ကောင်စီတပ်များမှ ဖယ်ခုံမြို့၊ မိုးဗြဲမြို့နယ်မှ အသက် (၁၇)နှစ် မောင်ဩဂုတ်စတင်း နှင့် အသက် (၁၀)နှစ် မောင်လဇရု တို့နှစ်ဦးအား သတ်ဖြတ်သွားခဲ့သည်။

မတ်လ (၈)ရက်နေ့၊ ဒီးမော့ဆိုမြို့နယ် ဆောင်ဒူလာကျေးရွာအနီးတစ်ဝိုက်ကို နံနက် ၂နာရီအချိန်တွင် စစ်ကောင်စီကနေပြီး လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့သည့်အတွက် ဆောင်ဒူလာ ဘုရားကျောင်း ပျက်စီးခဲ့ရသည့်အပြင် လူနေအိမ်အချို့လည်း ထိမှန်ပျက်စီးသွားခဲ့သည်။ သည့်အပြင် နံနက် (၇)နာရီခွဲ အချိန်တွင်လည်း သေးဆူလဲကျေးရွာ ပူဖားကျေးရွာ တစ်လျောက် ဂျက်လေယာဉ် (၃)စင်းဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့သည်။ နေ့လည် ၁၂နာရီခွဲအချိန်တွင် စစ်ကောင်စီမှ လက်နက်ကြီးများ ရမ်းသမ်းပစ်ခတ်ခဲ့ခြင်းကြောင့် လွိုင်ကော်မြို့နယ်၊ လွယ်ထွဲကျေးရွာထဲ ကျရောက်ပေါက်ကွဲပြီး ဆော့ကစားနေသည့် ကလေးငယ် ၃ ဦး သေဆုံးကာ ၂ ဦး ထိခိုက်ဒဏ်ရာရရှိသွားခဲ့သည်။

မတ်လ (၉)ရက်နေ့၊ ဒီးမော့ဆိုအနောက်ဖက်ခြမ်း တိုက်ပွဲမှာ CDM ကျောင်းဆရာတစ်ဦး ကျဆုံးပြီး ကူညီကယ်ဆယ်ရေးလုပ်နေသည့် FREE BURMA RANGER တပ်ဖွဲ့ဝင် အမျိုးသမီးတစ်ဦး ကျဆုံးသွားပါတယ်။

မတ်လ (၁၀)ရက်နေ့၊ စစ်ကောင်စီမှ တိုက်လေယာဉ်နှစ်စီးဖြင့် နံနက် ၆နာရီ၁၉မိနစ်အချိန်တွင်ဗုံးဖြင့် ၆ကြိမ်တိုင် လာရောက်ဗုံးကျဲချခဲ့ပြီး ဒေါင်ခါးမှ သီလရှင်ကျောင်းအား ထိခိုက်ပျက်စီး သွားခဲ့ရသည်။ မတ်လ ၇ရက်နေ့ကစပြီး ဒီးမော့ဆိုမြို့နယ် အတွင်းစစ်ကြောင်းထိုးလာသော စစ်ကောင်စီတပ်သည် ရွာအတွင်းတွင် တပ်စွဲပြီး နေအိမ် (၄၀)ကျော်ကို မီးရှို့ဖျက်ဆီးခဲ့သည်။ မီးရှို့ခံရသည့် ကျေးရွာများသည် ဒီးမော့ဆိုမြို့နယ်ထဲမှ ပူဖားကျေးရွာနှင့် သေးဆူလဲကျေးရွာဖြစ်သည်။

မတ်လ (၁၁)ရက်နေ့၊ ဒီးမော့ဆိုမြို့နယ်၊ ဒေါရောက်ခူကျေးရွာအား စစ်ကောင်စီက နံနက်အစောပိုင်း ၄ နာရီတွင် ဗုံးကျဲတိုက်ခိုက်မှုကြောင့် ပြည်သူ ၂ ဦး သေဆုံးခဲ့ပြီး နံနက် ၇ နာရီ ဝန်းကျင်တွင်လည်း တိုက်လေယာဉ် ၂ စီးဖြင့် ၃ ကြိမ် ထပ်မံ ဗုံးကျဲတိုက်ခိုက်ခဲ့သည်။

မတ်လ (၁၃)ရက်နေ့၊ ကရင်နီပြည် ဒီးမော့ဆိုမြို့ နယ်တိုက်ပွဲအတွင်း တာဝေးပစ် အတွဲလိုက်လျှော့ဒုံး ပစ်ခတ်မှုအပြင် လက်နက်ကြီး၊ လေကြောင်းပစ်ကူတိုက်ခိုက်မှုကြောင့် စစ်ရေးအရ အရေးပါသည့် ဒေါင်ခါး ရပ်ကွက်အား ယာယီလက်လွှတ်လိုက်ကြောင်း KNDF B01 မှ ထုတ်ပြန်သည်။

KNDF မှ ရရှိသော သတင်းအချက်အလက်အရ တာဝေးပစ် လျှော့ဒုံးအတွဲလိုက် ပစ်ခတ်မှုသည် ဖေဖော်ဝါရီလ ၁၆ ကတည်းက စတင်အသုံးပြုပုံရပြီး ထိုအချိန်တွင် အတွဲလိုက် ကျရောက်ပေါက်ကွဲ နေသော လက်နက်ကြီးအား တွေ့မြင်ခဲ့ကြရသည်။ ကရင်နီပြည်တွင် တာဝေးပစ် အတွဲလိုက် လျှော့ဒုံး (၃)စီးရှိပြီး လက်ရှိ ခမရ ၁၀၂ တပ်မှ တခုအပါအဝင်ဖြစ်သည်။



*စကစမှ ပစ်လိုက်သော အတွဲလိုက်ဒုံးများ ဒေါင်ခါးရပ်ကွက်တွင် ကျရောက်ပေါက်ကွဲ၊ ဒီးမော့ဆို*

- **စစ်ကောင်စီ၏ အရှိန်မြင့် ထိုးစစ်ဆင်မှုများကြောင့် စစ်ဘေးရှောင်များတိုးပွားလာခြင်း**

စစ်ကောင်စီတပ်များသည် မြေပြင်တိုက်ခိုက်မှုများအပြင် လေကြောင်းတိုက်ခိုက်မှုများ အရှိန်မြင့်လာခြင်းကြောင့် ရွာသားများသည် ကျေးရွာထဲတွင် မနေထိုင်ရဲကြ၍ ထွက်ပြေးတိမ်းရှောင်နေကြရသည့်အတွက် ထွက်ပြေးတိမ်းရှောင်သူများ ထပ်မံတိုးပွား လာခဲ့သည်။ ထွက်ပြေးတိမ်းရှောင်နေကြသော ပြည်သူများသည် စစ်ဘေးရှောင်စခန်းများတွင် သော်လည်းကောင်း တောထဲတွင်သော်လည်းကောင်း နေထိုင်နေကြရသည်။ ဖယ်ခုံမြို့နယ်မှ လူဦးရေ ၁၀၀၀၀ နှင့် ဒီးမော့ဆိုမြို့နယ်မှ လူဦးရေ ၁၀၀၀၀ ဦးတို့ စစ်ဘေးရှောင်နေကြရသည်။

**Contact persons:**
Khu Ko Reh Tel: +666 5329 7814

Khu Ruby Tel: +666 3184 2980
Website : www.karennicsn.org
Facebook: Karenni Csn
Email: kcsn2010@gmail.com